# မြန်မာအမျိုးသမီးသံတမန်တဦးကို ဗြိတိသျှအစိုးရက ဗီဇာဆိုင်းငံ့ထား

NEJ/ ၁၅ ဇူလိုင် ၂၀၀၈

လန်ဒန်မြို့ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်ရမည့် မြန်မာအမျိုးသမီး သံတမန်တဦးကို ဗြိတိသျှ အစိုးရက ဗီဇာထုတ်မပေးဘဲ ဆိုင်းငံ့ထားသည်။ အဆိုပါ မြန်မာအမျိုးသမီး သံတမန်သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သမက် ဗိုလ်မှူးဇော်ဖြိုးဝင်း၏ ညီမဖြစ်ပြီး မကြာခင်က လန်ဒန်မြန်မာ သံရုံးမှ ထွက်ပြေးပြီး နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားသူ ဒေါ်နွယ်နီနေရာ၌ တာဝန်ထမ်းဆောင်မည့်သူ ဖြစ်သည်ဟု နေပြည်တော် သတင်းရပ်ကွက်က ပြောသည်။ မည်သည့်အတွက် ဗြိတိသျှအစိုးရက ဗီဇာထုတ်မပေးဘဲ ဆိုင်းငံ့ထားသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

၁၉၉၀ ခုနှစ်များ အစောပိုင်းကစပြီး ရန်ကုန်ဗြိတိသျှသံရုံးမှ စစ်သံမှူးကို ဗြိတိသျှအစိုးရက ပြန်ခေါ်ခဲ့သကဲ့သို့ လန်ဒန်မြန်မာသံရုံးမှ မြန်မာစစ်သံမှူးကိုလည်း စစ်အစိုးရမှ ပြန်ခေါ်ရန် ဗြိတိသျှအစိုးရက ပြောခဲ့သည်ဟု အနောက်တိုင်း သံတမန်တဦးက ခေတ်ပြိုင်ကို ပြောသည်။ ။

## ဆန္ဒခံယူပွဲ (၉၂) ရာနှုန်းသည် စစ်အစိုးရကို ပြည်သူထောက်ခံခြင်းမဟုတ်

15-07-2008

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည့်နေ့မှစ၍ လက်ရှိစစ်အစိုးရသည် (၉၂) ရာနှုန်း ပြည်သူ ထောက်ခံမှုရသည့် အစိုးရဖြစ်သွားသည်ဆိုသည့် မြန်မာ့အလင်း ဆောင်းပါးပါ အချက်များ မှားနေ ကြောင်း ရန်ကုန်နိုင်ငံရေး အသိုင်းအဝန်းက ပြောသည်။ အဆိုပါ ဆောင်းပါးကို ဆောင်းပါးရှင် မောင်စေတနာ B.A. B. Ed ဆိုသူက ရေးသားခြင်းဖြစ်သည်။ ဆောင်းပါးရှင် မောင်စေတနာသည် အမည်ရင်း ဦးငြိမ်းမောင်ဖြစ်ပြီး ပခုက္ကူမြို့မှ အငြိမ်းစား ပညာရေးမှူးတဦးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အန်အယ်လ်ဒီကို တိုက်ခိုက်သည့် ဆောင်းပါးများ မြန်မာ့အလင်းတွင် ရေးလေ့ရှိသည်။ သူ့ဆောင်းပါးပါ အချက်များမှာ စစ်အစိုးရ ဖွဲ့စည်းပုံနှင့် စစ်တပ်အခန်းကဏ္ဍကို ထောက်ခံရေးသား ထားခြင်းဖြစ်ပြီး လွှတ်တော်မှာ စစ်ဗိုလ်လွှတ်တော်ကိုယ်စားလှယ် (၂၅) ရာနှုန်း ပါသည့်ကိစ္စကို ပြည်သူများ နားရှုပ်အောင် ရေးထားသည်ဟု ရန်ကုန်မြို့ခံတဦးက ပြောသည်။

ဆန္ဒခံယူပွဲမှာ (၉၂) ရာနှုန်း ရရှိခြင်းသည် လူထုဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စစ်အစိုးရ ရေးဆွဲထားသည့် ဖွဲ့စည်းပုံကို ထောက်ခံသည့်သဘောသာဖြစ်ပြီး လက်ရှိ စစ်အစိုးရအပေါ် လူထု ထောက်ခံမှု (၉၂) ရာနှုန်း ရသည်ဟု မှတ်ယူ၍မရကြောင်း အမည်ဖော်လိုသည့် ရန်ကုန်ရှေ့နေ တဦးက ခေတ်ပြိုင်သို့ ပြောသည်။ ရန်ကုန်နိုင်ငံရေးသမား အတော်များများကလည်း ဆန္ဒခံယူပွဲမှ ရသည့် (၉၂) ရာနှုန်းသည် စစ်အစိုးရကို လူထုက

ထောက်ခံခြင်းမဟုတ်ကြောင်း ထောက်ပြသည်။
စစ်အစိုးရ မျှော်မှန်းသည့်အတိုင်း ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲလုပ်ဖြစ်သည်ဆိုလျှင် ပထမ အကြိမ် လွှတ်တော်ကို ရွေးကောက်ပွဲအပြီး ရက် (၉၀) အကြာတွင် ကျင်းပမည်ဖြစ်ကြောင်း စစ် အစိုးရက ကြေညာထားသည်။ ထို့ကြောင့် အစောဆုံး ထွက်ပေါ်လာမည့် အစိုးရသည် နောက်ထပ် (၂) နှစ်ကျော် လိုသေးပြီး ထိုအစိုးရကိုသာ (၉၂) ရာနှုန်းက အသိအမှတ်ပြုသည့်သဘော ဖြစ်သည် ဟု ရန်ကုန်ရှေ့နေတဦးက ပြောသည်။
ဂါရင့်နိုင်ငံရေးသမားတဦးကမူ "ဖွဲ့စည်းပုံမှာ နိုင်ငံ့ဂန်ထမ်းချင်းအတူတူ အရပ်သားဂန်ထမ်းကို လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခွင့် မရှိလို့ တားမြစ်ထားပေမယ့် စစ်သား စစ်ဗိုလ်ကိုတော့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်နိုင်တယ်ဆိုပြီး ခြွင်းချက်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပုဒ်မ (၁၂၁ ပုဒ်မခွဲ ည) မှာ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ထိုက်သူ သတ်မှတ်ချက်ထဲမှာ စစ်ဗိုလ် စစ်သား ပါနိုင်တယ်လို့ ပြဋ္ဌာန်းလိုက်ရင် အရပ်ဘက်ဂန်ထမ်းတွေပါ အမတ်ဖြစ်လာနိုင်တာမို့ ခုလို ပြောင်ကျကျ အခြေခံဥပဒေကို အလွဲသုံးစားလုပ်ပြီး စစ်ဗိုလ်အမတ် (၂၅) ရာနှုန်းရအောင် ယူထားတာ ဖြစ်တယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆ (က) မှာ နိုင်ငံ့ဂန်ထမ်းဟာ ပါတီနိုင်ငံရေးနဲ့ ကင်းရမယ်လို့ ဆိုထားတဲ့အတွက် စစ်ဗိုလ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရမယ် ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပုဒ်မ၁၂၁ (ည) နဲ့ ဂိရောဓိ ဖြစ်နေတယ်" ဟု ပြောသည်။

## ဂန်ဘာရီ မြန်မာပြည် ခရီးစဉ် ရွှေ့ဆိုင်း

15-07-2008



*နယူးယောက် ကုလသမဂ္ဂရုံးချုပ်တွင် လက်ရှိ မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်ပြီး သတင်းထောက်များကို ရှင်းလင်းပြောဆို နေသော မစ္စတာ ဂန်ဘာရီ (ဓာတ်ပုံ - UN Photo/Evan Schneider)*

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင် ဂန်ဘာရီ ၏ ယခုလအတွင်း မြန်မာနိုင်ငံသို့သွားရောက်မည့် ခရီးစဉ်ကို အချိန်ရွှေ့ဆိုင်း လိုက်သည်။

ယင်းသို့ ရွှေ့ဆိုင်းရခြင်းမှာ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် ရလဒ်ကောင်း များပေါ်ထွက်လာရန် မလွယ်ကူသော အခြေအနေ ဖြစ်သော ကြောင့်ဟု သိရသည်။

ယခုအချိန်တွင် ကုလသမဂ္ဂသည် အာဆီယံနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ နာဂစ် မုန်တိုင်း ဒဏ်ခံရသည့် ဒေသ များတွင် လူသားချင်းစာနာမှုဆိုင်ရာ ကူညီ ကယ်ဆယ်ရေးများနှင့် အလုပ်များနေသည့်အတွက်ကြောင့် ကုလ သမဂ္ဂအနေ နှင့် နောက်ထပ် လုပ်ငန်းစဉ်တရပ်ကို ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အတွက် ဖြစ်သည်ဟု ကုလသမဂ္ဂ တာဝန်ရှိ သူ တဦးက ပြောသည်